# မအူပင်မြို့နယ်အတွင်းရှိ ဝါးအသုံးအဆောင်လုပ်ငန်းဆိုင်ရာ

## ဝေါဟာရများလေ့လာချက်

ဒေါ်အိအိထက်[၁]+ ဒေါ်ယမင်းပြုံး[၂]+ ဒေါ်ယဉ်ယဉ်ဝင်း[၃]

ဒေါ်တင်ဇာမော်[၄] + ဒေါ်ခင်ဇာကြည်ကျော်[၅] + ဒေါ်နှင်းမိုးနိုင်[၆]

### စာတမ်းအကျဉ်း

ဤသုတေသနစာတမ်းသည် မအူပင်မြို့နယ်အတွင်းရှိ ဝါးအသုံးအဆောင်လုပ်ငန်းဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများကို သိရှိစေရန်နှင့် ထိုဝေါဟာရအသုံး အနှုန်းများသည် လူမှုဝန်းကျင်နှင့် ဆက်စပ်မှုရှိနေသည်ကို သိရှိစေရန် ရည်ရွယ် ပါသည်။သုတေသနပြုတင်ပြရာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ လူ့အသုံးအဆောင် ပစ္စည်းလုပ်ငန်း ၊ ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစသည့် လုပ်ငန်းများစွာ ရှိပါသည်။ ၎င်းတို့မှ ရေလုပ်ငန်းတွင်ဝါးဖြင့်ပြုလုပ်၍ အသုံးပြုသော အသုံးအ ဆောင်များ၏ ဝေါဟာရအသုံးအနှုန်းများကိုသာ အဓိကထား လေ့လာတင်ပြ ထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် ရေလုပ်ငန်းတွင် အသုံးပြုသည့် ဝါးအသုံး အဆောင်များ၏ ဝေါဟာရအသုံးအနှုန်းများကို သိရှိနိုင်မည်ဖြစ်ပြီး ထိုဝေါဟာရများသည် လူမှုဝန်းကျင်တွင် မည်မျှဆက်စပ်မှုရှိနေသည်ကိုလည်း လေ့လာသိရှိ နိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ - ဝါး၊ရေလုပ်ငန်း၊မြှုံး၊စကားပုံ၊လူမှုအဆက်စပ်။**

---

[၁] နည်းပြ၊မြန်မာစာဌာန။

[၂] နည်းပြ၊မြန်မာစာဌာန။

[၃] နည်းပြ၊ မြန်မာစာဌာန။

[၄] နည်းပြ၊ မြန်မာစာဌာန။

[၅] နည်းပြ၊ မြန်မာစာဌာန။

[၆] နည်းပြ၊ မြန်မာစာဌာန။